ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# အထွေထွေဘာသာ သဘာဝသိပ္ပံ

## ပထမတန်း

## GRADE 2

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# အထွေထွေဘာသာ
# သဘာဝသိပ္ပံ
# ပထမတန်း

## GRADE 2

နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည်။
အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၅–၂၀၁၆ ပညာသင်နှစ်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ-၁၇၀၀၀၀
၂၀၁၅-၂၀၁၆ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

အလုပ်အမိန့်အမှတ် - ၈၀၉/၁၃ ဖြင့်
ဖိုတိုလစ်သိုပုံနှိပ်တိုက်၊ ရန်ကုန်မြို့တွင်ပုံနှိပ်သည်။

## ဆရာများအတွက် အမှာစာ

၁။ မူလတန်းသဘာဝသိပ္ပံစာအုပ်များကို ရေးသားပြုစုရာတွင် သဘာဝသိပ္ပံ သင်ကြားခြင်း၏ ရည်ရွယ်ချက်များပေါက်မြောက်ရရှိစေရန် မျှော်မှန်း၍ ရေးသားထားခြင်းဖြစ်ပါသည်။ ဆရာတို့သည် ဤရည်ရွယ်ချက်များ ပေါက်မြောက်ရရှိရေးကို အစဉ်သတိမူလျက် တပည့်များကို သင်ပြသွားရန် အထူးလိုအပ်သည်။ မူလတန်း သဘာဝသိပ္ပံ သင်ကြားခြင်း၏ ရည်ရွယ်ချက်များမှာ –

(က) သဘာဝဖြစ်စဉ်များကို စိတ်ဝင်စားပြီး စူးစမ်းလေ့လာလိုသော အလေ့အကျင့်များ ရရှိရန်၊

(ခ) ကျွန်ုပ်တို့၏ နေ့စဉ်ဘဝရပ်တည်မှုတွင် သဘာဝအရင်းအမြစ်များ၏ အကျိုးပြုပုံကို သိရှိအသုံးချတတ်ရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုး၍ ကာကွယ်ထိန်းသိမ်း ပြုစုတတ်ရန်၊

(ဃ) တစ်ကိုယ်ရေကျန်းမာရေးနှင့် မိသားစုကျန်းမာရေးဆိုင်ရာ အသိပညာနှင့်အညီ နေထိုင်စားသောက်တတ်ရန်၊

(င) ကုန်ထုတ်လုပ်မှုတိုးတက်ရေးတွင် သိပ္ပံပညာ၏အရေးပါပုံကို သိရှိရန်ဟူ၍ ဖြစ်သည်။

၂။ ဤပထမတန်း သဘာဝသိပ္ပံစာအုပ်များကိုပြုစုရာတွင် (၁) သဘာဝပတ်ဝန်းကျင်၊ (၂) သဘာဝဖြစ်ရပ်မှန်၊ (၃) အခြေခံသိပ္ပံမှန်ကန်ချက်တို့ ပါဝင်သော အပိုင်း(၁) သက်ရှိများ၊ အပိုင်း(၂)ဒြပ်ဝတ္ထုများ၊ အပိုင်း(၃) စွမ်းအင်နှင့် အပိုင်း(၄) ကမ္ဘာမြေကြီးနှင့် အာကာသဟူ၍ အပိုင်းကြီးလေးပိုင်း ခွဲခြားထားပါသည်။ ဤအပိုင်းကြီးလေးပိုင်းကို အစဉ်အတိုင်းသင်ကြားရန် မဟုတ်ပါ။ ပတ်ဝန်းကျင်ရှိ နေ့စဉ်ဖြစ်ရပ်၊ ဖြစ်စဉ်များနှင့် လိုက်လျောညီထွေရှိမည့် သင်ခန်းစာများကို ဆရာများမှ လိုအပ်သလို စီစဉ်သင်ကြားရန် ဖြစ်သည်။ ဥပမာ–မိုးလေဝသအခြေအနေ အပြောင်းအလဲ ထူးခြားမှုရှိသောနေ့များ၌ မိုးလေဝသ သင်ခန်းစာများကို သင်ကြားရန်ဖြစ်သည်။

၃။ သဘာဝသိပ္ပံဘာသာရပ်အတွက် တစ်နှစ်လျှင် စာသင်ချိန် (၁၄၄) ချိန် သတ်မှတ်ထားပါသည်။ သို့ဖြစ်၍ အပိုင်း(၁) သက်ရှိများကို (၂၆) ချိန်၊ အပိုင်း(၂) ဒြပ်ဝတ္ထုများကို (၃၀) ချိန်၊ အပိုင်း(၃) စွမ်းအင်ကို (၃၄) ချိန်နှင့် အပိုင်း(၄) ကမ္ဘာမြေကြီးနှင့်အာကာသကို (၃၀) ချိန်၊ စုစုပေါင်းသင်ကြားချိန် (၁၂၀) ချိန်နှင့် ပြန်လှန်သင်ကြားချိန် (သို့မဟုတ်) အရန်သင်ချိန် (၂၄) ချိန် သင်ရန်ဖြစ်သည်။ အသေးစိတ်မှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | အခန်း | သင်ခန်းစာ | စာသင်ချိန် |
| --- | --- | --- | --- |
| အပိုင်း(၁) သက်ရှိများ | | | |
| ၁။ | (၁) | ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် တွေ့ရှိရသော သက်ရှိများ | ၈ |
| ၂။ | (၂) | သက်ရှိတို့၏လိုအပ်ချက်များ | ၈ |
| ၃။ | (၃) | သက်ရှိနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ဆက်နွယ်မှုများ | ၁၀ |
| အပိုင်း(၂) ဒြပ်ဝတ္ထုများ | | | |
| ၄။ | (၄) | မိမိပတ်ဝန်းကျင်ရှိ ပစ္စည်းများကို လေ့လာခြင်း | ၈ |
| ၅။ | (၅) | ပစ္စည်းများကို နှိုင်းယှဉ်ခြင်း | ၁၂ |
| ၆။ | (၆) | အရာဝတ္ထုပစ္စည်းများကို အမျိုးအစားအလိုက် အုပ်စုဖွဲ့ခြင်း၊ ခွဲခြင်း | ၁၀ |
| အပိုင်း(၃) စွမ်းအင် | | | |
| ၇။ | (၇) | အပူထွက်သောအရာဝတ္ထုများ | ၈ |
| ၈။ | (၈) | ပတ်ဝန်းကျင်ရှိအသံများကို နားထောင်ခြင်း | ၈ |
| ၉။ | (၉) | အလင်းရောင်ထွက်သောအရာဝတ္ထုများကိုလေ့လာခြင်း | ၈ |
| ၁၀။ | (၁၀) | သံလိုက်နှင့်လျှပ်စစ် | ၁၀ |
| အပိုင်း(၄) ကမ္ဘာမြေကြီးနှင့်အာကာသ | | | |
| ၁၁။ | (၁၁) | မိုးလေဝသအခြေအနေကို လေ့လာခြင်း | ၈ |
| ၁၂။ | (၁၂) | ရေ၏ထူးခြားချက်များကို လေ့လာခြင်း | ၈ |
| ၁၃။ | (၁၃) | မြေအမျိုးမျိုးကိုလေ့လာခြင်း | ၈ |
| ၁၄။ | (၁၄) | နေ၊ လနှင့်ကြယ်များကိုလေ့လာခြင်း | ၆ |
| **သင်ချိန်ပေါင်း** | | | **၁၂၀** |
| အရန်သင်ချိန် | | | ၂၄ |
| **စုစုပေါင်း** | | | **၁၄၄** |

**မှတ်ချက်။** အရန်သင်ချိန်သည် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများအတွက် အသုံးပြုရန် ဖြစ်ပါသည်။

၄။ ကျောင်းသားပြဋ္ဌာန်းစာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များတွင်ပါရှိသည့် လုပ်ငန်းများသည် ဆရာများအတွက် နမူနာမျှသာဖြစ်ပါသည်။ ဤလုပ်ငန်းများကို နမူနာယူလျက် ဆရာများအနေဖြင့် နောက်ထပ်လုပ်ငန်းများစွာကို ထပ်မံတီထွင်ပြုစု၍ တပည့်များအား လုပ်ငန်းပေးပြီး တပည့်တို့၏ သိပ္ပံအတွေးအခေါ်၊ သိပ္ပံအသိသညာများကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အပိုင်း (၁) သတ်ရှိများ | |
| ၁။ | ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင်တွေ့ရှိရသောသက်ရှိများ | ၁ |
| | (က) သက်ရှိများအားမှတ်မိစေခြင်း | ၁ |
| | (ခ) အပင်များအားမှတ်မိစေခြင်း | ၃ |
| ၂။ | သက်ရှိတို့၏လိုအပ်ချက်များ | ၄ |
| ၃။ | သက်ရှိနှင့်၎င်းတို့၏ပတ်ဝန်းကျင်ဆက်နွယ်မှုများ | ၅ |
| | (က) အိမ်မွေးတိရစ္ဆာန်များကိုဂရုစိုက်ခြင်း | ၅ |
| | (ခ) မွေးမြူရေးတိရစ္ဆာန်များ | ၆ |
| | အပိုင်း (၂) ဖြစ်ဝတ္ထုများ | |
| ၄။ | မိမိပတ်ဝန်းကျင်ရှိပစ္စည်းများကိုလေ့လာခြင်း | ၇ |
| | (က) အမည်ပေးခြင်း | ၇ |
| | (ခ) အရောင်အဆင်းကိုပြောပြခြင်း | ၈ |
| | (ဂ) ပစ္စည်းများ၏ပုံသဏ္ဌာန်ကိုပြောပြခြင်း | ၉ |
| | (ဃ) အရည်အသွေးကိုပြောပြခြင်း | ၁၀ |
| | (င) ပစ္စည်းများကိုမည်သည့်အရာဖြင့်ပြုလုပ်ထားသည်ကို ခွဲခြားခြင်း | ၁၁ |
| ၅။ | ပစ္စည်းများကိုနှိုင်းယှဉ်ခြင်း | ၁၂ |
| | (က) လေးသောပေါ့သောပစ္စည်းများ | ၁၂ |
| | (ခ) အရွယ်တူပြီးအလေးချိန်မတူသောပစ္စည်းများ | ၁၂ |
| | (ဂ) အမျိုးအစားတူသော်လည်း ကြီး/ငယ် မတူသော ပစ္စည်းများ | ၁၃ |
| ၆။ | အရာဝတ္ထုပစ္စည်းများကို အမျိုးအစားအလိုက် အုပ်စုဖွဲ့ခြင်း/ခွဲခြင်း | ၁၄ |

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အပိုင်း (၃) စွမ်းအင်** | |
| ၇။ | အပူထွက်သောအရာဝတ္ထုများကို လေ့လာခြင်း | ၁၆ |
| | [illegible]တ်ဝန်းကျင်ရှိအသံများကို လေ့လာခြင်း | ၁၇ |
| | [illegible]သင်းရောင်ထွက်သောအရာဝတ္ထုများ လေ့လာခြင်း | [illegible] |
| ။ | သ[illegible]ိုက်နှင့်လျှပ်စစ် | ၁၉ |
| | (က) သံလိုက်အမျိုးမျိုး | ၁၉ |
| | [illegible] လူသုံးလျှပ်စစ်ပစ္စည်းများ၏ အကျိုးကျေးဇူးများနှင့်အန္တရာယ်များ | ၂၀ |
| | **အပိုင်း (၄) ကမ္ဘာမြေကြီးနှင့် အာကာသ** | |
| ၁၁။ | မိုးလေ[illegible]ပ[illegible]ခြေအနေကို လေ့လာ[illegible]င်း | ၂၁ |
| ၁၂။ | ရေ[illegible]ထူ[illegible]က်များကို လေ့လာခြင်း | ၂၂ |
| ၁၃။ | မြေအမျိုးမျိ[illegible] လေ့[illegible] | ၂၃ |
| ၁၄။ | နေ၊ လနှင့်ကြယ်များ[illegible]လေ့လာခြင်း | ၂၄ |

## အခန်း (၁)

## ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် တွေ့ရှိရသောသက်ရှိများ

### (က) သက်ရှိများအားမှတ်မိစေခြင်း























လုပ်ငန်း(၁) ကုန်းပေါ်တွင်တွေ့ရသော သတ္တဝါတွေက ဘာအကောင်လေးတွေလဲ။

လုပ်ငန်း(၂) ရေထဲမှာတွေ့ရသော သတ္တဝါတွေက ဘာအကောင်လေးတွေလဲ။

လုပ်ငန်း(၃) လေထဲမှာပျံသန်းနေတာက ဘယ်အကောင်လေးတွေလဲ။

လုပ်ငန်း(၄) ကုန်းပေါ်နှင့်ရေထဲနှစ်မျိုးစလုံးနေတာ ဘယ်အကောင်လေးတွေလဲ။

## (ခ) အပင်များအားမှတ်မိစေခြင်း




လုပ်ငန်း(၁) ပတ်ဝန်းကျင်မှာတွေ့ရတဲ့ အပင်တို့ရဲ့ အရွယ်အစား၊ ပုံသဏ္ဍာန်များကို နှိုင်းယှဉ်ပြောပြပါ။

# အခန်း (၂)
## သက်ရှိတို့၏လိုအပ်ချက်များ








ရေ



လေ



နေ


သက်ရှိများ အသက်ရှင်နိုင်ရန် အစားအစာလိုသည်၊ ရေလိုသည်၊ လေလိုသည်၊ နေရောင်ခြည်လိုသည်။

လုပ်ငန်း (၁) သင်၏နှာခေါင်းမှ မည်သည့်အရာကို ရှူရှိုက်သနည်း။
(၂) သင်ဆာသောအခါ မည်သို့ပြုလုပ်သနည်း။
(၃) သင်ထမင်းစားပြီးလျှင် ဘာလုပ်သနည်း။
(၄) အပင်များရှင်သန်ရန် မည်သည်တို့ လိုအပ်သနည်း။

## အခန်း (၃)

## သက်ရှိနှင့်၄င်းတို့၏ပတ်ဝန်းကျင်ဆက်နွယ်မှုများ


### (က) အိမ်မွေးတိရစ္ဆာန်များကိုဂရုစိုက်ခြင်း




ခွေး




ကြောင်



ငှက်



ယုန်



ရွှေငါး

လုပ်ငန်း (၁) သင်ခွေးလေးကို အစာကျွေးဖူးသလား။


(၂) ငါးကန်ကို သန့်ရှင်းရေးလုပ်ပေးဖူးသလား။

(၃) ယုန်လေးအိမ်ထဲမှာ ဘာလို့နေတယ်လို့ထင်သလဲ။


(၄) သင့်မိသားစုဝင်တွေကို ဂရုတစိုက်ဘာလုပ်ပေးဖူးသလဲ။

(၅) ဘယ်လိုပြုစုခဲ့ဖူးလဲ။


## (ခ) မွေးမြူရေးတိရစ္ဆာန်များ



ကြက်မွေးမြူရေး




ဘဲမွေးမြူရေး




နွားမွေးမြူရေး



ဝက်မွေးမြူရေး



ငါး




ပုစွန်

လုပ်ငန်း(၁) သင့်ပတ်ဝန်းကျင်မှာတွေ့ရသော မွေးမြူရေးတိရစ္ဆာန်များကို ပြောပြပါ။
(၂) မွေးမြူရေးတိရစ္ဆာန်များမှ မည်သည့်အစားအစာများကို ရနိုင်သလဲ။

# အခန်း (၄)
## မိမိပတ်ဝန်းကျင်ရှိပစ္စည်းများကိုလေ့လာခြင်း

**(က) အမည်ပေးခြင်း**

**အိမ်တွင်ရှိသောပစ္စည်းများ**




ကတ်ကြေး　　သော့　　ခြင်းတောင်း　　တံမြက်စည်း

လုပ်ငန်း။ (၁) အိမ်တွင်သုံးသော အခြားပစ္စည်း ၅ မျိုးခန့်ပြောပြပြီး ဘာလုပ်ဖို့သုံးမလဲ ပြောပြပါ။

**ကျောင်းပန်းခြံတွင်ရှိသောပစ္စည်းများ**


ရေပန်းကရား




ပန်းအိုး　　ခက်ရင်းခွ　　ဂေါ်ပြား　　ပေါက်တူး

လုပ်ငန်း။ (၂) ကျောင်းပန်းခြံတွင်သုံးသော ပစ္စည်းများကိုပြောပြပြီး ဘာအတွက်သုံးမလဲ ပြောပြပါ။

(ခ) အရောင်အသွေးကို ပြောပြခြင်း



| | | | |
|---|---|---|---|
| ချောကလက် (အညိုရောင်) | လိမ္မော်သီး (လိမ္မော်ရောင်) | ခရမ်းသီး (ခရမ်းရောင်) | မီးခိုးအငွေ့ (မီးခိုးရောင်) |




လုပ်ငန်း(၁) ကွက်လပ်ထဲတွင် သက်ဆိုင်ရာအရောင်များ၏ အမည်ကို ရေးပြပါ။


(က) မော်တော်ကား



(ခ) စက်ရုံလုပ်သား



(ဂ) ကျောင်းဆရာမ



(ဃ) ပစ္စည်းများ၏ပုံသဏ္ဌာန်ကိုပြောပြခြင်း



တာယာ
(အဝိုင်း)




စာအုပ်
(လေးထောင့်)



အလံ
(သုံးထောင့်)



ကြည့်မှန်
(ဘဲဥပုံ)



သင်ပုန်းဖျက်



ပန်းကန်ပြား




နာရီ




လက်ကိုင်ပဝါ

လုပ်ငန်း(၁) ပတ်ဝန်းကျင်ရှိ လေးထောင့်ပုံသဏ္ဌာန် ပစ္စည်း(၃)မျိုးကိုပြောပြပါ။
(၂) ပတ်ဝန်းကျင်ရှိ အဝိုင်းပုံသဏ္ဌာန် ပစ္စည်း(၃)မျိုးကိုပြောပြပါ။
(၃) ပတ်ဝန်းကျင်ရှိ ဘဲဥပုံသဏ္ဌာန် ပစ္စည်း(၃)မျိုးကိုပြောပြပါ။

## (ဃ) အရည်အသွေးကို ပြောပြခြင်း



ကျောက်ခဲ
(မာသည်)



ပေါင်မုန့်
(ပျော့သည်)



ဆပ်ပြာ
(ချောကျိသည်)



ကော်
(စေးကပ်သည်)



သားရေကွင်း
(ဆွဲဆန့်သည်)

လုပ်ငန်း(၁) ပတ်ဝန်းကျင်ရှိ သင်မြင်ဖူးသောပစ္စည်းများထဲမှ ၅ မျိုးပြောပြပြီး ၎င်းပစ္စည်းများ မာသည်၊ ပျော့သည်၊ ချောသည်၊ စေးကပ်သည်၊ ဆွဲဆန့်နိုင်သည်ကို ပြောပြပါ။

(င) ပစ္စည်းများကို မည်သည့်အရာဖြင့် ပြုလုပ်ထားသည်ကို ခွဲခြားခြင်း



ဖန်ပန်းအိုး
(ဖန်)



ဘီး
(ပလတ်စတစ်)



စာအိတ်
(စက္ကူ)



ထိုင်ခုံ
(သစ်သား)



ခဲဖျက်
(ရော်ဘာ)




မြေအိုး
(ရွှံ့)




နို့ဆီဘူး
(သတ္တု)

လုပ်ငန်း။ အောက်ပါပစ္စည်းများကို မည်သည့်အရာဖြင့် ပြုလုပ်ထားသည်ကို ပြောပြပါ။
















## အခန်း (၂)

## ပစ္စည်းများကိုနှိုင်းယှဉ်ခြင်း

### (က) လေးသောပေါ့သောပစ္စည်းများ








သစ်သားစားပွဲ မော်တော်ကား
(လေးသောပစ္စည်းများ)

စက္ကူသေတ္တာ ပလတ်စတစ်အင်္ကျီချိတ်
(ပေါ့သောပစ္စည်းများ)

### (ခ) အရွယ်တူပြီးအလေးချိန်မတူသောပစ္စည်းများ








ရေထည့်ထားသောပုံးကို အားစိုက်ဆွဲမနေရပုံ(လေး)

ပလတ်စတစ်ပုံး (ပေါ့)

သံချောင်း (လေး)

ဖန်ချောင်း (ပေါ့)










စက္ကူလှေ သံလှေ သစ်သားခုံ ပလတ်စတစ်ခုံ ဖန်လက်ကောက် ပလတ်စတစ်လက်ကောက်

လုပ်ငန်း(၁) ပေးထားသောပစ္စည်းများမှ ပို၍လေးသောပစ္စည်းကို
ကွက်လပ်တွင် ( ✔ )လုပ်ပါ။
ဘာကြောင့် ပိုလေးသည်ကို ပြောပြပါ။


## (ဂ) အမျိုးအစားတူသော်လည်း ကြီး/ငယ် မတူသောပစ္စည်းများ




မြေပန်းအိုး (လေး)



မြေပန်းအိုး (ပေါ့)




သစ်သားခွေးခြေ (လေး)




သစ်သားခွေးခြေ (ပေါ့)

လုပ်ငန်း။ အောက်ပါအမျိုးအစားတူပစ္စည်းများကို ပေးထားသည်။ ပို၍လေးသော ပစ္စည်းကို ပေးထားသောကွက်လပ်ထဲတွင် (✔) လုပ်ပါ။
ဘာကြောင့်ပိုလေးသည်ကို ပြောပြပါ။




အိမ်ရိုက်သံ

| | |
|---|---|



ဖန်ခွက်

| | |
|---|---|




ကျောက်တုံး

| | |
|---|---|


## အခန်း (၆)

## အရာဝတ္ထုပစ္စည်းများကို အမျိုးအစားအလိုက် အုပ်စုဖွဲ့ခြင်း၊ ခွဲခြင်း







မြေပန်းအိုး




သံမီးဖို




ပလတ်စတစ်ခွက်




ပလတ်စတစ်ကုလားထိုင်




ဖန်ခွက်



သစ်သားကုလားထိုင်



ဖန်ပန်းအိုး



မြေမီးဖို

လုပ်ငန်း(၁) ပေးထားသောပုံများမှ သဏ္ဌာန်တူသည့်ပစ္စည်းများ၏ အရေအတွက်ကို ပြောပြပါ။

(၂) ပေးထားသောပုံထဲမှ ပြုလုပ်ထားသောပစ္စည်းအမျိုးအစားတူသည့် ပစ္စည်းများ၏ အရေအတွက်ကိုပြောပြပါ။

# အခန်း (၇)

## အပူထွက်သောအရာဝတ္ထုများကို လေ့လာခြင်း



နေ



လျှပ်စစ်မီးဖို



ထင်းမီး



ကျောက်ခဲနှင့်ပွတ်တိုက်ခြင်း

နေ၊ ထင်းမီး၊ လျှပ်စစ်မီးဖို စသည်တို့မှ အပူကိုရရှိသည်။
အရာဝတ္ထုနှစ်ခုပွတ်တိုက်ခြင်းဖြင့်လည်း အပူရရှိနိုင်သည်။

လုပ်ငန်း(၁) သင့်ပတ်ဝန်းကျင်တွင်တွေ့ရသော အပူထွက်အရာဝတ္ထု (၃)မျိုးခန့် ပြောပြပါ။

လုပ်ငန်း(၂) အပူထွက်သောအရာဝတ္ထုများကို ဘယ်မှာသုံးမလဲ ပြောပြပါ။


လုပ်ငန်း(၃) အပူထွက်သောအရာဝတ္ထုများကြောင့် ဘယ်လိုအကျိုးကျေးဇူး များရသလဲ ပြောပြပါ။

# အခန်း (၈)

## ပတ်ဝန်းကျင်ရှိအသံများကို လေ့လာခြင်း





လုပ်ငန်း(၁) မိမိကြားဖူးသော အသံများကို ပြောပြပါ။

လုပ်ငန်း(၂) လူတို့ပြုလုပ်သောအသံက ဘာအသံတွေလဲ ပြောပြပါ။

လုပ်ငန်း(၃) သဘာဝပတ်ဝန်းကျင်က ထွက်တဲ့အသံတွေက ဘာအသံတွေလဲ ပြောပြပါ။

လုပ်ငန်း(၄) မိမိပတ်ဝန်းကျင်ရှိ အသံထွက်သောပစ္စည်းများကို ပြောပြပါ။

အခန်း (၉)

## အလင်းရောင်ထွက်သော အရာဝတ္ထုများကို လေ့လာခြင်း







- နေ၊ လ၊ ကြယ်၊ ဖယောင်းတိုင်၊ ဆီမီးခွက်၊ လျှပ်စစ်မီးသီး၊ မီးချောင်း စသည်တို့သည် အလင်းရောင်ထွက်သော အရာဝတ္ထုများ ဖြစ်ကြသည်။
- စာအုပ်၊ ခဲတံ၊ စားပွဲ၊ သစ်ပင်၊ လူ၊ အိမ် စသည်တို့သည် အလင်းရောင် မထွက်သော အရာဝတ္ထုများဖြစ်ကြသည်။


လုပ်ငန်း(၁) လူတို့ပြုလုပ်သော အလင်းထွက်ပစ္စည်းများကို ဖော်ပြပါ။

လုပ်ငန်း(၂) သဘာဝအလျောက် အလင်းထွက်သောအရာ (၂)မျိုး ပြောပြပါ။

လုပ်ငန်း(၃) ပတ်ဝန်းကျင်ရှိအလင်းမထွက်သော ပစ္စည်း (၃)မျိုး ပြောပြပါ။

# အခန်း (၁၀)
## သံလိုက်နှင့်လျှပ်စစ်

(က) သံလိုက်အမျိုးမျိုး



သံလိုက်ချောင်း



ယူပုံသံလိုက်



မြင်းခွာပုံသံလိုက်


လုပ်ငန်း(၁) သင့်ပတ်ဝန်းကျင်ရှိ သံလိုက်အမျိုးအစားများကို ဖော်ပြပါ။

လုပ်ငန်း(၂) သင့်တွင် အစိမ်းရောင်သုတ်ထားသော ခွက်(၂)လုံးရှိသည်။ မည်သည့်ခွက်က သံနှင့်ပြုလုပ်ထားကြောင်းသိရန် သင် မည်သို့ ခွဲခြားမည်နည်း။

လုပ်ငန်း(၃) မြေပေါ်တွင်ကျပျောက်သွားသော သံကလစ်ကို မည်သို့ ရှာဖွေမည်နည်း။

## (ခ) လူသုံးလျှပ်စစ်ပစ္စည်းများ၏ အကျိုးကျေးဇူးများနှင့် အန္တရာယ်များ

အိမ်တိုင်းတွင် လူသုံးလျှပ်စစ်ပစ္စည်းများရှိကြသည်။ လျှပ်စစ်ပစ္စည်းသုံးလျှင် ဝိုင်ယာကြိုး၊ မီးပလပ်၊ ပလပ်ပေါက်နှင့် မီးခလုတ်တို့ ပါရှိကြသည်။ လျှပ်စစ်ပစ္စည်းများကို သုံးခြင်းဖြင့် အချိန်ကုန်သက်သာသည်၊ လူသက်သာသည်။




လုပ်ငန်း(၁) သင့်ပတ်ဝန်းကျင်ရှိ လူသုံးလျှပ်စစ်ပစ္စည်းများထဲမှ (၃)မျိုးခန့် ပြောပြပါ။

လုပ်ငန်း(၂) ဝိုင်ယာကြိုးများပေါက်ပြဲနေသည်ကို သုံးသင့်သလား။
ဘာလုပ်သင့်သလဲ။

လုပ်ငန်း(၃) မီးပလပ်ပေါက်ကို ရေစိုနေသောလက်ဖြင့် ကိုင်တွယ်သင့်သလား။
ပြောပြပါ။ ကိုင်လျှင် ဘာဖြစ်မယ်လို့ ထင်သလဲ။

## အခန်း (၁၁)

## မိုးလေဝသအခြေအနေကိုလေ့လာခြင်း










လုပ်ငန်း(၁) အထက်ပါပုံများကိုကြည့်၍ မိုးလေဝသအခြေအနေကို ပြောပြပါ။

လုပ်ငန်း(၂) နေ့တစ်နေ့ထဲတွင် နံနက်၊ နေ့လယ်၊ ညနေပိုင်းတို့တွင် မိုးလေဝသ အခြေအနေ တူပါသလား။


## အခန်း (၁၂)

## ရေ၏ထူးခြားချက်များကို လေ့လာခြင်း









လုပ်ငန်း(၁) သင့်ပတ်ဝန်းကျင်တွင် ရေကို မည်သည့်နေရာမှ ရသနည်း။

လုပ်ငန်း(၂) သင့်ပတ်ဝန်းကျင်တွင် သောက်သုံးရေကို မည်သည့်နေရာမှရသနည်း။

လုပ်ငန်း(၃) သင့်ပတ်ဝန်းကျင်ရှိရေကို မည်သည့်နေရာတွင် သုံးသနည်း။

အခန်း (၁၃)

## မြေအမျိုးမျိုးကို လေ့လာခြင်း



နွံ့မြေ



သဲမြေ

လုပ်ငန်း(၁) မိမိဒေသတွင်ရှိသော မြေအမျိုးမျိုးကို ပြောပြပါ။

လုပ်ငန်း(၂) မိမိဒေသရှိ မြေအမျိုးမျိုးကို မည်သည့်နေရာများတွင် အသုံးပြုသနည်း။ ပြောပြပါ။

## အခန်း (၁၄)
## နေ၊ လနှင့်ကြယ်များကိုလေ့လာခြင်း



နေ့



ည

လုပ်ငန်း(၁) နေ့အချိန်တွင် ကောင်းကင်ရှိ ဘယ်အရာတွေက အလင်းရောင်ပေးသလဲ။

လုပ်ငန်း(၂) ညအချိန်တွင် ကောင်းကင်ရှိ ဘယ်အရာတွေက အလင်းရောင်ပေးသလဲ။

လုပ်ငန်း(၃) နေ့အချိန်မှာ လနှင့်ကြယ်ကို ဘာကြောင့် မတွေ့ရသလဲ။